ဆူးငှက်

# ရင်ချင်းဆက်

## မဂ္ဂဇင်းဝတ္ထုတိုများ



# ရင်ချင်းဆက်အဖွင့်

ယခု 'ရင်ချင်းဆက်'က ကျွန်တော်၏ စတုတ္ထမြောက် ဂတ္တုတို စုစည်းမှုဖြစ်သည် ။

တကယ်တော့ ကျွန်တော်သည် 'ဆူးငှက်'ကို ဂတ္တုတိုတွေ တရှိုက်မက်မက် ရေးဖို့ အတွက် ပျံသန်းခဲ့ခြင်း ဖြစ်၏ ။ ၁၉၈၃ ခု၊ ဒီဇင်ဘာလမှ စတင်၍ ပုံနှိပ်စာလုံးအဖြစ် စာမျက်နှာပေါ် ရောက်လာ တာက 'ဆူးငှက်' မဟုတ်သေး။ သည် တုန်းက ကျွန်တော် အားသန်နေတာ 'သုခမ' ကိစ္စတွေပဲ ဖြစ်နေသည် ။ ကျွန်တော်သည် သဘင်မျိုးသဘင်နွယ် မဟုတ်သော်ငြား ဝါသနာကြီးလွန်းသော ဖခင်နှင့် သွားလေရာ တကောက်ကောက် လိုက်ဖြစ်ပါများ သောအခါ ဆိုင်း နားထောင်တတ်လာ၏ ။ အငြိမ့် ကြည့်တတ်လာ၏ ။ ဗလာဇာတ်တွေမှာ တစ်ရေးနိုးတွင် စခန်းချအမီ ဖခင်နှင့် မပျင်းမရိ လိုက်ပါတတ်၏ ။ ယုတ်စွအဆုံး စည်တော်ကြီး အဖွဲ့ကိုပင် ရှေ့ဆုံးက ငုတ်တုတ်ထိုင်ကာ စိတ်ဝင် စားလာသည် ။

သည် ကြားထဲ အိမ်မှာ လူလွတ်အဖြစ် ကျန်ရစ်သော တစ်အူတုံဆင်း မောင်နှမအရင်းဖြစ် သည့် အစ်မက မန္တလေး ပန်းတျာကျောင်းမှာ တက်ပြီး 'အကဗေဒ'ဆိုရင် ပညာရပ်ဘက် ဦးတည် သွားသည် ။ ကျွန်တော် စာစရေးတော့ 'သုခမ'ဆိုင်ရာတွေ 'ကိုရီယိုဂရပ်ဖီ'တွေ ဖြစ်ကုန်သည် ။ ထိုအချိန် (၁၉၈၃-၈၄)သည် မန္တလေးတွင် ဂတ္တုတို ဖီးနပ်ငှက် ပြန်လည် ရှန်းကြွကာ အတောင် တဖျပ်ဖျပ် ခါနေသည့်ကာလ ဖြစ်၏ ။ ၁၉၈၄ ခုနှစ် မေလတွင် လောင်ကျွမ်းသောဦးကျားကြီးဝင်း

မီးဘေးကြီးပြီးနောက် တစ်ဆစ်ချိုး မထင်မှတ်ဘဲ ပြောင်းလဲသွားသော 'မန္တလေး စီးပွားရေး လူမှုရေးဗေဒ'ကို အနုပညာမြောက်သည့် ဝတ္ထုတိုများ ဖြင့် ထင်ဟပ်ကာ ပရိတ်သတ်၏ ချဉ်ခြင်း ပြေစေနေသည့် ကာလလည်း ဖြစ်သည် ။ ကလောင်သွေးစ၊ ရေးစ ကျွန်တော်လည်း ထိုထိုဝတ္ထုတို များကို ကြိုက်နှစ်သက်ပါ၏ ။ ထိုထိုဝတ္ထုတိုများ ရေးဖွဲ့ကြသော မန္တလေး ဝတ္ထုတိုဆရာများကိုလည်း အားကျ အထင်ကြီးမိပါ၏ ။

ကျွန်တော်က 'သုခုမ'ဆိုင်ရာ ကိစ္စတွေကိုသာ အာရုံစိုက် ရေးချတ်ဖြစ်နေသော်လည်း စာပေဆိုင်ရာ သင်ကြားမှု လေ့ကားထစ်များမှာ ဝတ္ထုတိုများ ၊ ဝတ္ထုရှည်ကြီးများ ဖြစ်သည် ။ ထိုစဉ် ခေတ်စားခဲ့သော စာအုပ်ဝေဖန်ရေး၊ စာပေဝေဖန်ရေးများ ၏ အတွေးအခေါ်ပိုင်း ကိစ္စများကိုလည်း စတင် သဘောတွေ့၊ မွေ့လျော်သည့် ကာလလည်း ဖြစ်သည် ။ ယခုတိုင် အမြဲတေအဖြစ် ခိုင်မာနေဆဲ ထိုအတွေးအခေါ်ပိုင်းဆိုင်ရာ အစုအစည်း၏ ကလာလရေကြည်လည်း ဖြစ်သည် ။

တကယ်တော့ ဝတ္ထုများ သည် လူ့ဘဝ၏ အစိတ်အပိုင်းများ ဖြစ်သည် ။ လူ့ဘဝ၏ တကယ့် အဖြစ်စဉ်များ ဖြစ်သည် ။ လူ့ဘဝကို ဆစ်ပိုင်းသုံးသပ်သည့် အတွေးအခေါ်သည် ဝတ္ထုများကို အကဲ ဖြတ်သည့် ပေတံများ ဖြစ်လာသည် ။

'လူသည် စဉ်းစားတွေးခေါ်တတ်သော သတ္တဝါ ဖြစ်သည် ။ လူ၏ မူလအစဖြစ်သော ချင်ပန်ဇီ၊ ဂေါ်ရီလာ၊ အိုရင်အူတန်နှင့် ရစ်ဘွန် စသော လူဝံမျိုးနွယ်များ သည် လေးဘက်သွားရာမှ ခြေဖြင့် မတ်တတ်လျှောက်တတ်ခဲ့ကြသောအခါ ၎င်းတို့ ၏ လက်နှစ်ဖက်မှာ လွတ်လပ်လာခဲ့ကြလေသည် ။

လက်နှစ်ဖက် လွတ်လပ်လာသည် နှင့် တစ်ပြိုင်နက် ကုန်ထုတ်လုပ်

ရေးကို လုပ်ဆောင်လာ ကြသည်။'

လေ့လာလက်ခံခဲ့သော လူ့သမိုင်းဖြစ်စဉ်။ ကနဦးသုံးသပ်ချက် သင်ခန်းစာများက အထက်ပါ ဝါကျများ ဖြစ်ခဲ့၏။ စာအုပ်စာပေနှင့် ပတ်သက်၍ ပြောဆိုဖြစ်ကြ၊ ဆွေးနွေးဖြစ်ကြသော စကားဝိုင်းများ ၊ အလုပ်စခန်းများ သည် ဂျွတ္ထုစာပေနှင့် ယှဉ်တွဲပတ်သက်သည့် လူ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အကြောင်းအရာများ ဖို့ ခေတ်ပြိုင်ဂျွတ္ထုများကို မလွတ်တမ်း ရှာဖွေ ဖတ်ရှု ဖြစ်နေတာကလည်း အလုပ်တစ်ပြမာ ဖြစ်သည်။

*****

မန္တလေး ၁၉၈၄ အပြောင်းအလဲကြီးအပြီး ဂျွတ္ထုတိုများ အားကောင်းမောင်းသန် ဖြစ်လာမှု အပေါ် 'အားကျစိတ်'၊ ထို့အတူ မိမိဆန္ဒစောစွာဖြင့် အချို့ဂျွတ္ထုတိုများ အပေါ် 'အားမရစိတ်'များက 'သုခုမဆိုင်ရာ' ပညာရပ် ဆောင်းပါးများ ရေးသားမိနေသော ကလောင်ကို ဆွဲကိုင် လှုပ်ခါရမ်းလိုက် ၏။ တစ်ခုလည်း ရှိတာပေ့ါ၊ ၁၉၇၉-၈၀ တက္ကသိုလ်ကျောင်းသားဘဝက လွန်မြောက် လာပြီးနောက် တစ်နေ့လုပ်မှ တစ်နေ့စားရသော နားရက် မရှိ မိုးလင်းမိုးချုပ် အလုပ်လုပ်ကြရသော၊ အောက်ခြေလူတန်းစား အစုအဝေး လုပ်ငန်းခွင်သို့ ရောက်ရှိလေသောအခါ စိတ်ကူးယဉ်ဖြစ်သော ကလောင် သွားသည် ဂျွတ္ထုတိုများ ဘက် မဖြစ်မနေ ဦးတည်ဖြစ်တော့သည်။ သို့သော် ...

မန္တလေး၏ ၁၉၈၄ မီးကြီး အပြီး ရုံးတော်ကြီးရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးဘေး၊ မီး လောင်ပြီးစ အုတ်တိုင်ကြီး ဆင်ဝင် အောက်သမံသလင်းပေါ် ခင်းကျင်းထားသည့် ကဗျာဆရာ ကိုငယ် (ကျောက်ဆည်)၏ ရွှေလက္ခဏာ စာအုပ်ဆိုင်လေးနံဘေးမှာ ကျွန်တော်လေးစားသော မန္တလေး စာရေးဆရာတွေ စုဖြစ်ကြသည်။ ကိုယ်ငယ် (ကျောက်ဆည်)ရှိသ

ည် ။ ယခု သံချပ်ဆရာ ဒေါက်တာ အောင်ကျော်ဦး ရှိသည် ။ စာရေးဆရာ မြေ (ဆေး-၂) ရှိသည် ။ ခန်းမ (၂)အောက် ကုန်သွယ်လယ်ယာရုံးခန်းသို့ လာတတ်သော ဆရာ သိုက်ထွန်းသက်၏ သူ့စက်ဘီးကြီးနှင့် ရောက်လာသည် ။ လက်ဆည်ကန်က ဆရာ ညီပုလေးလည်း သူ့ပြိုင်ဘီး အဖြူလေးနှင့် ရောက်လာသည် ။ သူတို့ အချင်းချင်း ဂဏ္ဍုတိုတွေအကြောင်း ပြောကြသည် ။ ကျွန်တော်အလုပ်ရုံရှိ ကျွန်တော့ စားပွဲမှ ထမင်းစား ပြန်ချိန်တွင် အချိန်လုကာ သူတို့ ဝိုင်းတွင် ဘေးမှ မဝံ့မရဲ မော့ဖို့ ဖြစ် သည် ။ သူတို့ စကားအရှိန်ကောင်းနေရာက လူမှုရေးအရ ကျွန်တော်ဘက် လှည့်ပြီး 'မြောက်ပြင် ထီးရိုးဝင်းဇာတ်ရုံမှာ မြို့တော်အင်အားသစ် ဘယ်တော့ ဝင်မှာ လဲဗျ'ဟု မေး၏ ။ ဟုတ်တာကိုး .. ကျွန်တော်က ဆရာမကြီး ခင်ဆွေဦး၏ စံပယ်ဖြူမှာ 'သုခုမ' ဆောင်းပါးတွေ ဆက်တိုက် ရေးနေ ချိန်ကိုး ...။ ဆရာများက ကျွန်တော့ကို 'တာရဲတန်း ကျွမ်းကျင်သူ'ဟု ထင်မှတ်နေတာ မရိုင်း...။

သည် ဆရာများက ညရောက်လျှင်လည်း လမ်း ၈၀ နှင့် ၃၃လမ်းထိပ်က ကိုငယ့်ဆိုင်မှာ ပြန်ဆုံကြပြန်သည် ။ ၁၉၈၄ မီးကြီးအပြီး ဈေးချိုညဈေးတန်းကို တရုတ်တန်း ၇၉ လမ်းဘက် ရွှေ့ထားချိန်မို့ ကိုငယ့်ဆိုင်က ထိုညဈေးတန်း၏ ထိပ်မှာ ညပိုင်ထပ်မံဖွင့်ခြင်းဖြစ်သည် ။ ညမှာ တော့ ဆရာဝင်းစည်သူ၊ ဆရာ ကြည်ဇော်ဝင်းတို့ လည်း အမြဲရှိနေသည် ။ ခရမ်းရောင် စာပေ ကိုရွှေမိုး ကလည်း ကာတွန်းစိန်မိုဃ်းအဖြစ် ဝိုင်းပို 'ပုံပြင်'များ ဖြင့် ထိန်းထားသည် ။

ဥပုသ်လိုနေ့မျိုးတွေမှာ ထိုဝိုင်းက 'လူထုတိုက်'၏ ညှေ့စားပွဲမှာ ရှိနေတတ်ပြန်သည် ။ ဂဏ္ဍုတွေ ရေးလိုက်ကြ၊ အချင်းချင်းဖက်ကြ၊ သုံးသပ်ကြ ...။ တောင်ပိုင်းရှမ်းပြည်နယ်က မြို့တစ်မြို့ မှာ ရောက်နေသော ဆရာကျော်စိုးဝင်း (ဆရာ ကြည်လင်အေး)ထံက မဂ္ဂဇင်းတွေ၊ ဂ

တ္ထုတွေနှင့် ပတ်သက်သည့် သုံးသပ်ချက် စာရှည်ကြီးကို ဂရုတစိုက် ဖ တ်နေကြသည် ။ ကျွန်တော် က တစ်ခါတစ်ခါမှ သာ ရောက်ဖြစ်သည် ။

ဆရာတွေက အလွန် အလုပ်လုပ်နိုင်၏ ။ ဝတ္ထုတိုတွေ ဖွေးခနဲဖွေးခ နဲ ...။

ထိုစဉ် ယခုလို အမြန်ချောပို့တွေ မရှိသေး ...။ ရန်ကုန်လူကြုံရှိလျှင် စာမူတွေ တစ်စု တစ်ဝေးတည်း ပေးကြသည် ။ တစ်နေ့ ကိုငယ် (ကျော က်ဆည်)က ရန်ကုန်ဆင်းမည်။ သူ့ထံ စာမူ တွေ ပေးကြသည် ။ ကျွန် တော်ကလည်း မထင်မှတ်ဘဲ ရောက်နေသည် ။ လူထုတိုက် ညွှန့်ခန်း စားပွဲမှာ ဖြစ်၏ ။ ကိုယ်ငယ်က ကျွန်တော် ထိုစဉ်က ရေးနေသော က လောင်နာမည်ဖြင့် ခေါ်သည် ။ ဤသို့ ဖြစ်၏ ။ 'ကိုဆန်းကျော်မောင်...၊ ကျွန်တော် ရန်ကုန်ဆင်းမလို့ ...၊ စာမူ ပေးအုံးမလား'တဲ့ ။ ကျွန်တော်က လွယ်အိတ်ထဲမှာ အဆင်သင့်ရှိနေသော စာမူနှစ်ပုဒ်ကို ခေါက်လျက် ပေး လိုက်သည် ။ သူက 'စပယ်ဖြူအတွက် ဆောင်းပါးလား'တဲ့ ' မဟုတ်ဘူး ၊ ရင်ခုန်ပွင့်အတွက် ဝတ္ထုနှစ်ပုဒ်'ဆိုတော့ သူ အံ့အားသင့်သွားသည် ။ ကျွ န်တော့ထံက 'ဝတ္ထုတို'ဟူသည် ကို ဘယ်လိုမှ မျှော်လင့်ထားပုံမရ၍ ဖြစ် သည် ။ ကျွန်တော့ဝတ္ထုတို စာမူ နှစ်ပုဒ်ကို သူ့လက်ထဲ ထည့်သည် ။ သူ က ဖွင့်ကြည့်သည် ။ 'ဟင်... ခင်ဗျားစာမူက ကလောင်နာမည်လည်း မ ပါသေးဘူး၊ ရေးလိုက်ပါဦး'ဟု သူကပြောရင် စာမူတွေ ပြန်ပေးသည် ။ ကျွန်တော် ဆုံးဖြတ်လိုက်သည် ။ ဝတ္ထုတွေအဆုံး ကလောင်နာမည် နေ ရာ မှာ 'ဆူးငှက်'ဟု ရေးလိုက်သည် ။ သူထပ်မံ အံ့အားသင့်သွား၏ ။ ထို ဝတ္ထုတို နှစ်ပုဒ်အနက် 'ဖွဲမီးခံ'ဟူ သော ဝတ္ထုတိုက ရင်ခုန်ပွင့်မဂ္ဂဇင်း ' ယခုလ ကလောင်သစ် ကဏ္ဍ'ဟူသော ခေါင်းစဉ်အောက်တွင် ပါလာသ ည် ။ ၁၉၈၉ နိုဝင်ဘာလ ရင်ခုန်ပွင့် ...။

ထို့နောက် ...၊ ထို့နောက် ...။

*****

ကျွန်တော်၏ ပထမဦးဆုံး ဂတ္တုတိုပေါင်းချုပ်က ၁၉၉၇ ခုနှစ်မှာ ထွက်ခဲ့သည် ။ 'တစ်ဝက် မန်ကျည်းပင် ဂတ္တုတိုများ 'ဟု အမည်ပေးခဲ့၏ ။ ပိတောက်မင်း စာအုပ်တိုက်က ထုတ်ဝေသည် ။ ကျွန်တော့ မိဘများ မွေးဖွားကြီးပြင်းခဲ့ရာ ကျေးလက်လူမှုစရိုက်များကို အားပြုသည့် ဂတ္တုတို အများ စုဖြစ်သည် ။ မှတ်မှတ်ရရ အမေ လူထုဒေါ်အမာနှင့် ဆရာ လူထုစိန်ဝင်းတို့ က အမှာ စာ ချီးမြှင့်ပေးသည် ။

ဒုတိယဂတ္တုတိုပေါင်းချုပ်က 'ကတ္တီပါ ဖိနပ်ကလေးနှင့် အခြားဂတ္တုတိုများ 'ဟု အမည်ဖြင့် ပင်နီ စာအုပ်တိုက်က ထုတ်ဝေသည် ။ မန္တလေး အခြေပြု ဂတ္တုတိုအများ စု ဖြစ်သည် ။ ၂၀၀၁ ခုနှစ် က ဖြစ်၏ ။ ထိုနှစ်မှာ ပဲ 'ဇာတ်လမ်း ဂတ္တုတိုစု' ဟု အမည်ပေးထားသော ပေါင်းချုပ်တစ်အုပ်ကို တမာပွင့် စာစဉ်မှ ထုတ်ဝေသည်။ 'ဇာတ်လမ်းဂတ္တုတိုစု'က ကျွန်တော်ရေးခဲ့သော ဂတ္တုတိုများ အနက် ရိုမန်တစ်ဆန်ဆန် အချစ်ရသ ဦးစားပေး ဂတ္တုတို ၅ ပုဒ်တည်း စုစည်းထုတ်ဝေခြင်း ဖြစ်သည် ။ ကျွန်တော် စိတ်ကြိုက် စုစည်းမှုဟု လည်း ဆိုနိုင်ပါ၏ ။ ကောင်းသည် ရော၊ ဆိုးသည် ရော ... အချင်းချင်း ကြားမှာ လက်တို့ ခြေတို့ ပြောဖြစ်သည့် စာအုပ်ဖြစ်သည် ။ စာမျက်နှာထက်လည်း ရေးသားကြသည် ။ စတုတ္ထမြောက် ဂတ္တုတိုပေါင်းချုပ်ကို ချမ်းမြေ့ရတနာ စာအုပ်တိုက်က ထုတ် သည် ။ 'ပုံဆောင်မဲ့ ပုန်းညှက်ညနေခင်း... ဇာတ်လမ်းဂတ္တုတိုစု' ဟု အမည်ပေးသည် ။ ရိုမန်တစ် ဆန်သော ဂတ္တုတို ၅ ပုဒ် ထပ်မံစုစည်းခြင်းပဲ ဖြစ်ပါ၏ ။

တကယ်တော့ ဂတ္တုတို ရေးချင်လှချည်ရဲ့ ဟု လက်သီးလက်မောင်း

တန်းကာ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် တကဲကဲ ဖြစ်ခဲ့သော ဆူးငှက်သည် လုံးချင်းစာအုပ်ပေါင်း ဆယ့်လေးငါးအုပ် ထုတ် ဖြစ်ခဲ့သော်လည်း ဂတ္ထုတိုပေါင်းချုပ်က ယခုစာအုပ်နှင့် ဆိုပါမှ အစွန်းထွက်ဂဏန်း '၅'အုပ်ပဲရှိ သည် ။ အပုဒ်ရေ ၆၀ ဝန်းကျင်ပဲ ရေးဖြစ်ခဲ့သည့် သဘော …။ တကယ်တမ်း ရေးဖြစ်နေတာက ဆောင်းပါးတွေပဲ ဖြစ်၏ ။ ရှားတောင်ရှားပါး လုံးချင်းဂတ္ထုရှည်တစ်ပုဒ် ရေးဖြစ်သည် ။

ဂတ္ထုတိုတွေ 'ခရေဆီ'ဖြစ်ကာ ဂတ္ထုတိုတွေ ရေးချင်လွန်းလှသော စာရေးဆရာ တစ်ယောက် ဘာလို့ ဂတ္ထုတိုတွေ မရေးဖြစ်တော့တာလဲ ဟူသော မေးခွန်းကို မေးလာသည် ဆိုသော် ထိုအဖြေက ဂတ္ထုတို (သို့မဟုတ်) ဂတ္ထုရှည်တစ်ပုဒ် ဖြစ်ပါလိမ့်မည်။ သို့သော် …..

'လူ၏ အတွေးအခေါ်သည် အလိုအလျောက် ပေါ်ပေါက်လာသည် မဟုတ်ချေ။ ထို့အတူ စာရေးဆရာ၏ စိတ်ကူးဉာဏ်သည် လည်း အလိုအလျောက် ပေါ်ပေါက်လာသည် မဟုတ်ချေ။ ပြင်ပ ကမ္ဘာလောကကြီးက စာရေးဆရာ၏ ဦးနှောက်နှင့် လာရောက် အရောင်ရိုက်ခတ်ရာမှ ပေါ်ထွက်လာခြင်းသာ ဖြစ်၏ ။ ထို အတွေ့အကြုံမှ ရရှိလာသော စာပေတွင် ဖော်ပြထားသည့် ပြည်သူ့ ဘဝသည် နေ့စဉ်ကြုံတွေ့နေရသော ဘဝထက် ပိုမို လှပသော၊ ပိုမိုအဆင့်မြင့်သော၊ ပိုမို စုစည်း သော မျှော်မှန်းချက်များ နှင့် ပိုမိုနီးစပ်သော ဘဝများကို ဖော်ပြခြင်းဖြင့် ….'ဟု ကျက်မှတ်နာယူ၊ လိုက်နာခဲ့ရသော သဘောထားအရ ဆိုလျှင်တော့ ထိုမေးခွန်းကို ဖြေဆိုမည့် ကျွန်တော့်အဖြေ သည် ဂတ္ထု မဟုတ် (ဝါ) စာပေ မဟုတ်တော့မှာ သေချာသည် ။ ဂျာအေး သူ့အမေရိုက်၍ မောင်မိုက်မှာ ငိုသည့် တစ်ကိုယ်တော်ညည်းချင်းပဲ ဖြစ်လိမ့်မည်။ ထားပါတော့ …။

*****

ယခု 'ရင်ချင်းဆက် မဂ္ဂဇင်း ဝတ္ထုများ 'မှာ တော့ ကျွန်တော် ကနဦး အစရေးဖြစ်ခဲ့သည့် ဝတ္ထုတိုတွေပါသည် ။ အကြောင်းအရာအားပြု ဝတ္ထုတိုတွေ ဆိုပါစို့ …။ ကျွန်တော့ဝန်းကျင်မှာ … ကျွန်တော့လုပ်ငန်းခွင်ဝန်းကျင်မှာ နာကျင်စွာမြင်တွေ့ခဲ့ရသည့် အရိုင်းတုံးများ ဖြစ်သည် ။ ကျွန်တော် သိပ်မသွေး၊ သိပ်မသ …၊ အရိုင်းအတိုင်း လက်ဖဝါးပေါ် တင်ပြခဲ့ခြင်း ဖြစ်သည် ။ အလှ အပတော့ မဟုတ် …၊ ဆတ်တတ်တတ်၊ မာတာ၊ ကြမ်းတမ်းတမ်းတွေ ဖြစ်မှာ ပေါ့။

ထို 'အရိုင်းတုံး'ဝတ္ထုတိုများ နှင့်အတူ မလိုသည် ကို ဖယ်ထုတ်ပြီး 'ကော့ရရော့' 'ကျော့ရရော့'လေး ဖြစ်လိုဖြစ်ငြား 'သွေး'ထားသည့် ဝတ္ထုလေးတွေလည်း ပါသည် ။ ဝတ္ထုရေးသူ၏ 'အပြောင်းအလဲ'လေးတွေပေါ့ ၊ ဘယ်သင်း ဘယ်ဟာက ပိုကောင်းသည် …၊ ဘယ်သင်း ဘယ်ဟာက ပိုကြိုက်သည် … ဟူ၍ တော့ ကျွန်တော့မှာ ပြောပိုင်ခွင့် မရှိ…။ ဘက်လိုက်ပိုင်ခွင့် မရှိ…။

သို့သော် … ကျွန်တော့်ဝတ္ထုတွေ မဂ္ဂဇင်းစာမျက်နှာ အသီးသီးပေါ်တွင် အဖြူပေါ် အမည်း ထင်ခဲ့ပြီးပြီ။ ပို၍ သေချာအောင် ယခု တစ်စုတစ်စည်းတည်း စာအုပ်ထုတ်ဝေလိုက်ပြီ။ ပရိသတ်က သူ့အိတ်ထောင်ထဲရှိ ပိုက်ဆံကို အကြိမ်ကြိမ် အဖန်ဖန် ချိန်ချိန်ဆဆ သုံးစွဲကာ ဖတ်ရှုလိုက်ကြပြီ။ ပရိသတ်၏ အဆုံးအဖြတ်အပေါ် ကျွန်တော် စောဒကတတ်လို့ မရတော့…။ ဆင်ခြေဆင်လက် ပေးလို့ မရတော့။

မည်သို့ပင်ဆိုစေ …

ဤမှ ပါးပါးလျားလျား လှပ်လှပ်လေး မကျိုးမကြေရုံတမယ်ရှိသည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဈေးကွက်အတွက် စိတ်အပင်ပန်းခံ၊ ငွေကုန်ကြေးကျခံ၊ အချိန်တွေအကုန်ခံပြီး စွန့်စားထုတ်ဝေ သော လင်း

လွန်းခင်စာပေမှ ထုတ်ဝေသူ ဆရာဦးသိန်းလွင် (ကျောက်ပုထိုး)ကို ကျေးဇူးတင်ပါ သည် ။ စာအုပ်လေး သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား ဖြစ်အောင် စိတ်ရှည်လက်ရှည် စီစဉ်ပေးသော ဆရာကြည်ရွှန်းကို ကျေးဇူးတင်ပါသည် ။ အရည်အသွေးလည်း မြင့်တက်စေ ...၊ ဈေးကွက်အတွင်းလည်း မျက်နှာပန်းလှစေရန် မအားမလပ်သည့်ကြားမှ မျက်နှာဖုံးပန်းချီဖြင့် အားကူဖြည့်ပေးသော မိတ်ရင်းဆွေရင်း ဆရာမြင့်မောင်ကျော်ကိုလည်း ကျေးဇူးတင်ပါသည် ။

ထို့ပြင် ... ကျွန်တော် ဝတ္ထုတိုများ ပုံနှိပ်ဖော်ပြပေးခဲ့သည့် ရန်ခုန်ပွင့် မဂ္ဂဇင်း၊ ရုပ်ရှင်တေး ကဗျာ မဂ္ဂဇင်း၊ ရွှေဝတ်မှုန် မဂ္ဂဇင်း၊ ပန်းဝေသီ မဂ္ဂဇင်း၊ အောင်မြေ မဂ္ဂဇင်း၊ မဟေသီ မဂ္ဂဇင်း၊ ကလျာ မဂ္ဂဇင်း၊ သရဖူ မဂ္ဂဇင်း၊ မြို့တော် မဂ္ဂဇင်း၊ မန္တလေးရသစာစု၊ ရင်ခွင်သစ် မဂ္ဂဇင်း၊ မြဝတီ ရွှေရတုမဂ္ဂဇင်း၊ ရွက်နုဝေ မဂ္ဂဇင်း၊ ရွှေအမြုတေ မဂ္ဂဇင်းများ နှင့်အတူ အားပေးကြသော စာဖတ် ပရိသတ်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းဆိုရပေဦးမည်။

ဆူးငှက်

၂၇.၆.၀၈

# ဝေဒနာလှိုင်းတို

သည် နေ့မနက် လက်ဖက်ရည်ဆိုင်းမှာ ထိုင်ဖြစ်ကြတော့ ကနဦး ပြောမိကြတာ ကျွန်တော့် ငယ်ချစ်ဦး ဇေယျာကမ်းအလှ ပန်းချီ အကြောင်းပဲဖြစ်ပါသည် ။

တကယ်တော့ ကျွန်တော်နှင့် ကိုတွတ်တို ရေဒီယိုလေး တစ်လုံးနှင့် ပတ်သက်ပြီး ခံတွင်းတွေ့ မြိန်ယှက်စွာ စကားပြောဖြစ်တာက အစ ဖြစ်သည် ။ ဆယ်တန်း အောင်သည့်နှစ်မှာ အစ်မအကြီးဆုံးက ဝယ်ပေးသော နေရှင်နယ် အမျိုးအစား ရေဒီယိုကလေး။

အိမ်တော်ရာ သင်္ကန်းတန်းရှိ သမဝါယမဆိုင်က ရေဒီယိုကလေးကို ငွေသုံးရာနှင့်ဝယ်ပြီး အိမ်ယူလာကတည်းက ကောင်းကင်ဇရိယာကြိုး တွေ မလိုအပ်ဘဲဆင်၊ မြေကြီးထဲက ဝါယာတွေ မြှုပ်၊ တစ်နေကုန် အလုပ်ရှုပ်ကာ ရေဒီယိုလေးနားက မခွာဘဲ ညဆို 'ကမ႓ာမကြေ'ဆုံးသည် ထိ နားထောင်သည့်အကြောင်း ဖွဲ့ကာနွဲ့ကာ ပြောပြတော့ ကိုတွတ်က ခြူးဆေးပေါ့လိပ်ဖွာရင်း နားထောင်နေသည် ။

ထိုစဉ် ရေဒီယိုလေးကို စွဲစွဲမြဲမြဲ နားထောင်ဖြစ်ကာ သောတရှင်လို ရာကြောင့်လား၊ စနေ နေ့လယ် ရုပ်ရှင်သီးချင်းကြောင့်လား၊ ဒါပေမဲ့ ခင်သစ်လွင်၏ ပန်းရည်ဘဏ်တိုက် သီချင်းလေးကို အခုထိ သတိတရ ဖြစ်နေတာက ရေဒီယိုလေး ကျေးဇူးကြောင့်ဖြစ်ပါသည် ။ နေခဲ့ရသည့် အိမ်ကလေးမှာ လျှပ်စစ်မီး မရှိ၊ ထို့ကြောင့် ရေဒီယိုကလေးကို ခြောက်ဗို့ ဘက်ထရီလေးနှင့် ဖွင့်ရ သည် ။ ဘက်ထရီလေး ကြာကြာခံအောင် ရေ

အေးအေး လောင်းပေးတာ၊ ဘက်ထရီ ညှပ်ကလစ် တွေ ချေးမတက် အောင် ရေနွေးစိမ်တာ ... နေ့စဉ် အလုပ်ပိုဖြစ်နေသည် ။

တစ်ခါတစ်ရံ စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်တွေမှာ နေ့လည် နှစ်နာရီကျော်ပေမယ့် နိုင်ငံခြားအသံတွေ လှည့်ဖမ်းရင်း သူတို့ သီချင်း တွေ နားထောင်တော့ ဈေးရောင်းအပြန် တစ်မှေး နှစ်မှေးအိပ်ချင်သော အမေက လှမ်းပြီး စူပေါက်တတ်သည် ။ ဒါပေမဲ့ အဖေကမူ ဗုဒ္ဓဟူး တစ် ပတ် ခြား စာဟောနှင့် ကြာသပတေးနေ့ဆိုင်းအဖွဲ့ ဖျော်ဖြေခန်းမှာ ဆို ပ င်တိုင်ပရိတ်သတ် ဖြစ်နေပါ သည် ။ ကြာသပတေးနေ့ တစ်ညမှာ တော့ မန္တလေး ဆိုင်းတစ်ဖွဲ့ ရေဒီယိုကလာသည် ။ ထိုဆိုင်းအဖွဲ့နှင့် ပတ်သက် ၍ ပုဂ္ဂိုလ်စွဲကြီးလွန်းသော အဖေမှာ ညနေကတည်းက ရေဒီယိုလေးနား တစ်ရစ်ဝဲဝဲ ဖြစ်နေပြီ။ ဘက်ထရီလေး အားပြည့်မပြည့် စမ်းနေတာလ ည်း အလီလီ။ ည ရှစ်နာရီထိုး တော့ အိမ်နီးနားချင်းများ ပါမကျန် အိမ် ရှေ့ ကွပ်ပျစ်လေးပေါ် ရောက်နေကြပြီ။ ကိုးနာရီ ထိုးသွား သောကြောင့် အသိမ်းတီးလုံးလေးကိုပင် ဆုံးအောင် လွှင့်မသွားသော မြန်မာ့အသံကို တဖျစ်တောက်တောက် ပြောမပြီး ဖြစ်ခဲ့ကြဖူးသည် ။

ထိုကဲ့သို့ ရေဒီယိုလေးဆီ လူတွေ ဝိုင်းအုံနေကြတာမျိုး တစ်နှစ်တစ် ခါ လွှင့်တတ်သော တိုင်းဘောလုံးပွဲ ရာသီဆို ကြုံရတတ်သည် ။ ထိုအခါ မျိုးမှာ လည်း ရေဒီယိုလေးမှာ မန္တလေးတိုင်း နိုင်လျှင် မျက်နှာပန်းလှ၍ ရှုံးလျှင် အထုအရိုက် ခံရလုနီးပါး ဖြစ်တတ်သည် ။

အမေကမူ အခါကြီး ရက်ကြီးတွေမှာ လွှင့်တတ်သည့် ရွှေမန်းတင် မောင်၏ ဖွားတော်မူခန်း၊ တောထွက်ခန်းများ ဆိုလျှင် တုံးလုံးပတ်လက် လှဲရင်း ယပ်တဘုံးဘုံးခတ်ကာ နားထောင်တတ် သည် ။ ရေဒီယိုလေးနှ င့် ပတ်သက်၍ မူ ကျွန်တော်ညံ့ဖျင်းမှုမှာ သီချင်းတွေ တော်တော်များများ

ကို မမှတ်မိခြင်းပင် ဖြစ်သည် ။

သို့သော်ဒီသီချင်းလေးကိုမူ ရေဒီယိုလေးမှ ကြားကတည်းက စွဲလမ်းရ၊ မက်မောရတာ ဒီနေ့ ထိ ဖြစ်သည် ။ အခုအချိန် ပြန်ကြားမိတိုင်း လွမ်းဆွတ်ဖွယ် ရနံ့လေးတွေ ထုံယစ်နေဆဲ...။

*****

တကယ်တော့ ထိုရေဒီယို သီချင်းလေးသည် ကျွန်တော်တို့ ဒုတိယနှစ်သင်္ချာမှ အတန်းဖော် မိန်းကလေးတစ်ဦးအား စွဲလန်းစေမှုအပေါ် ဆပွားအားမြှင့်စေခဲ့သည် ။ ထိုမိန်းကလေးက သွယ်လျ သည် ၊ ဆံပင်ရှည်သည် ၊ မြန်မာဆန်သည် ၊ ဂန္ထဝင်ဟန် ကဲသည် ။ သူ့ကို စတင်စွဲငြိချိန်မှာ ရေဒီယို လေးက ရီရီသန့်၏ 'ဇေယျာကမ်းအလှပန်းချီ'သီချင်းကို စတင် ကြားဖူးချိန်ပဲ ဖြစ်သည် ။ သည် ကတည်းက မိမိ၏ အံ့ပုန်းစိတ်သည် ဇေယျာကမ်းအလှပန်းချီမှာ တော့ ကဲလွန်း၊ သဲလွန်းနေတတ် သည် ။ ဤသို့ဖြင့် သူနှင့် နီးစပ်ခွင့် မကြုံသော (ကြုံရန်လည်း အစွမ်းအစ မရှိသော) ကျွန်တော် သည် 'ဇေယျာကမ်း၊ အလှပန်းချီ'ကိုမူ မကြားရ မနေနိုင် ဖြစ်ရတော့သည် ။

မန္တလေးမှ မြစ်ကူး၊ ချောင်းခြား တံတားကြီးပေါ်က သွားရတဲ့ ငြိမ်သက် မြို့လေးတစ်မြို့မှာ သူနေထိုင်သောကြောင့် သည် သီချင်းလေးကိုဖြင့် စွဲမိပြီပေါ့။

'ဘယ်ဝယ်ဆီ တမ်းတကာ၊ မှန်းဆကာ လွမ်းရတော့မည်၊ ဘယ်ဝယ်၊ ဘယ်ဆီ၊ တမ်းတကာ၊ မှန်းဆကာ လွမ်း ... လွမ်းရမည်...'လို့ အသံထွက်နေသော ရေဒီယိုလေးကို ငေးစိုက် ကြည့်နေမိတဲ့ ကျွန်တော့ အာရုံမှ သူ့ ရုပ်ပုံလွှာလေးကို ရုပ်ရှင်ကားပိုင်းတိုလေးပမာ တဖျပ်ဖျပ်မြင်ယောင်လာမိသည် ။ မနက် ခုနှစ်နာရီခွဲအချိန် 'သည် နေ့ တစ်နေ့တာအစီအစဉ်'

ကို မလွတ်တမ်း နားထောင်မိပြီး သောတရှင်လိုရာမှ ဖြစ်စေ၊ စစ်သည် တို့ လိုရာမှ ဖြစ်စေ 'ဇေယျာ ကမ်းအလှပန်းချီ'များ ပါလျှင် ထိုနေ့အဖို့ ရေဒီယိုလေးကို ရင်ထဲမှာ ပဲ ထည့်ထားချင်တော့သည် ။

သီချင်းလေး လာတော့မည့်အချိန် (လာနေဆဲအချိန်)မိသားစုထမင်း ဝိုင်း ဆုံလျှင်ပင် ဗိုက်ထဲက မွတ်သိပ်မှုက ပြင်းထန်ပေမယ့် နှလုံးသားမွ တ်သိပ်မှုကို မလွန်ဆန်နိုင်ဘဲ ရေဒီယိုလေး နားမှာ ရှိနေဖို့ ကြိုးစားနေမိ သည် ။

တစ်ခုသော စနေနေ့ကိုတော့ အခုထိ အမှတ်ရနေသည် ။ နေ့လည်ပို င်း စစ်သည် တို့လိုရာ အစီအစဉ်တွင် 'ဇေယျာကမ်းအလှပန်းချီ' သီချင်း လာမှာ မနက် ခုနှစ်နာရီခွဲကတည်းက ကြိုသိနေ ပါသည် ။ ဖြစ်ချင် တော့ သည် နေ့မှာ ပဲ သူငယ်ချင်းတစ်ယောက်၏ အဖေ ဈာပန လိုက်ပို့ ဖို့ ကိစ္စက ပေါ်နေသည် ။ မပို့လို့ ကလည်း မဖြစ်၊ သီချင်းလေးလည်း နားထောင်ချင် ...။ ထိုအခါ ဈာပနမချခင် ကလေးမှာ ပဲ သူငယ်ချင်းအိမ် နှင့် အနီးဆုံး စာတိုက်ကြီးရှေ့က ကြံရည်ဆိုင်လေးမှာ ကြံရည် တစ်ခွက် မှာ သောက်ရင်း ထိုဆိုင်ရှိ 'ဟိုင်ဖိုင်'အမျိုးအစား မီးလုံး ရေဒီယိုကြီးကို ဖွင့်ခိုင်းရတော့ သည် ။

အရေးထဲ မီးလုံးရေဒီယိုတို့ ထုံးစံအတိုင်း မီးအားက တော်တော်နှင့် မပြည့်သောကြောင့် ရင်မောစရာကောင်းအောင် စောင့်ရသေးသည် ။

စက္ကန့်အနည်းငယ်ကြာမှ သီချင်းသံက ထွက်လာသည် ။

'ရေဇာနဒီ ×× ရောဂတီ ×× သက်သေ ညွှန်းဆိုပြုမည် နောက်တစ် ခါဆို ×× အတူဖူး ပါရစေ..'

ကျွန်တော့မှာ တော့ သီချင်းကလေး နားထောင်ရင်း အိမ်တွင်းပုန်း လွှန်းသော ရည်းစားကို ခိုး တွေ့ရသလို ခံစားနေရသည် ။ ကြံရည်ကလ

ည်း အချိုပေ့ါလွန်းကာ ကျဲတောက်တောက်နိုင်လွန်း သည် ။ ကြံရည်ကို တစ်ဝက်နီးပါး သောက်ပြီးချိန်၊ သီချင်းလေးကလည်း 'ခွန်းချိုတေးဖွဲ့သီ၊ ငှက် မောင်နှံ ပျော်မြူးကြတော့သည် 'ဟူသော အပိုဒ်မှာ ပင် (၈၁)လမ်း တစ်လျှောက် တောင်ဖက်ဆီမှ 'အနိစ္စရယ်တဲ့ မှ ..၊ ဒုက္ခာ'ဟူသော မြမန်း အသံချဲ့စက်၏ ဈာပန ဘာဂနာတရားသံကို ကြားရတော့ သည် ။ သီချင်းလေး ဆုံးလုခင် ဈာပန ယာဥ်တန်းလည်း ကြံရည်ဆိုင်လေးအား ဖြတ်ကျော်ဆဲ အချိန် တစ်ဝက်သာသာ ကျန်သော ကြံရည်ခွက်အောက် ကျပ်တန်တစ်ရွက် ထိုးထည့်ကာ (ထိုစဉ် ကြံရည်တစ်ခွက် တစ်ကျပ် ဖြစ် သည် ။) နောက်ဆုံး ဈာပနပို့ ဘက်စ်ကားပေါ် ပြေးတက်သွား တော့ ဆို င်ရှင်က အူကြောင်ကြောင်ကြည့်ကာ ကျန်ရစ်သည် ။

သည် အကြောင်းလေးကို ဂတ္တုတိုတစ်ပုဒ်ပမာ ဖွဲ့ကာနွဲ့ကာ ပြောပြ တော့ ကိုတွတ်မှာ ဆေးလိပ် ဖွာလိုက်၊ ချိုပေ့ါ လက်ဖက်ရည် သောက်လို က်နှင့် ခေါင်းတညိတ်ညိတ် နားထောင်နေ သည် ။ ပြီးတော့ လက်ကျန် လက်ဖက်ရည်ကို တစ်ကျိုက်တည်း သောက်ပြီး ဆေးလိပ်လေးဖွာကာ ငြိမ်နေသော ကိုတွတ်ကို ကြည့်ရင် ကျွန်တော် ရေဒီယို ဝေဒနာလေးကို သူလည်း မျှဝေခံစားနေ ပေပြီဟု အောကမေ့နေမိသည် ။ ခဏနေတော့ ရေနွေးကရားမကာ အေးစက်စက် ရေနွေးတွေကို ပန်ကန်ထဲငှဲ့ရင် 'ကျွန် တော်တောင် ရေဒီယိုလေးတစ်လုံး ဝယ်မလို့ ဗျာ... အဲဒါ'ဟု တိုးညှင်း သော လေသံနှင် ကိုတွက်က ပြောလိုက်သည် ။

'ဆိုစမ်းပါဦးဗျ၊ ဘာအမျိုးအစားလဲ...'ဟူသော ကျွန်တော့်အမေးမှာ ကိုတွတ်က သူ့ ရေဒီယို လေးအကြောင်း ပြောပြတော့သည် ။

'ကျွန်တော်လည်း လခထုတ်ဖို့ ပုသိမ်ကြီးအသွားမှာ ကိုစိုးရဆိုတဲ့ လူ က ရေဒီယိုလေး တစ်လုံး ရောင်းစရာရှိတယ်ဆိုပြီး စကားစပ်ပါရော

လား၊ ပြောကြစို့ဆိုရင် ကျွန်တော်လည်း ငယ်ငယ်က ရေဒီယိုစွဲခဲ့ဖူးသူကိုး၊ ဘာရယ်လို့ တော့ မဟုတ်ပါဘူးဗျာ၊ သီချင်းလေးတွေ ချစ်တာပါ၊ အခုအချိန်မှာ တော့ ရေဒီယိုလေး တစ်လုံးတော့ လိုအပ်နေတာအမှန်ဆိုတော့ ကိုစိုးရ ရေဒီယိုလေး ကို တီးခေါက်ကြည့်ရတော့တာပေ့ါ၊ သူဝယ်တာတော့ ကြာပြီတဲ့ ၊ တစ်ရာ့အစိတ် ပေးရတာ တဲ့ ၊ ဒီနောက် ပြင်တာက တစ်ရာတဲ့ ၊ အခု နှစ်ရာ့ငါးဆယ်ရရင် ရောင်းမယ်လို့ ပြောတာဗျ'

ကိုတွတ်က ရေနွေးကရား အဖုံးကို တချပ်ချပ်လုပ်ကာ စားပွဲထိုးကောင်လေးကို ခေါ်ပြီး ရေနွေး ဖြည့်ခိုင်းသည် ။ ပြီးတော့ စားပွဲပေါ်က မီးသေသွားသော ဆေးလိပ်ကို မီးထပ်ညှိ၏ ။

'စဉ်းစားကြည့်ဗျာ၊ အဲဒီ အချိန် ကျွန်တော့လက်ထဲ လခလေး ထုတ်ထားတာအပြင် ခရီးစရိတ် တွေပါ ရှောရှောရှူရှူရထားတော့ နှစ်ရာ့ငါးဆယ်ဆိုတဲ့ ငွေက လွယ်နေတာ မဟုတ်လား၊ နဂိုကတည်းက လိုချင်တဲ့ ဆန္ဒလေးလေည်းရှိနေရာ၊ဒါနဲ့ ကိုစိုးရကို ခင်ဗျားရေဒီယိုက ကောင်းရဲ့လား ဆိုတော့ ကောင်းသလားမမေးနဲ့ သတင်းများ လာရင် လူထိုင်ပြောနေသလား အောက်မေ့ရ သတဲ့ ၊ သီချင်းလာရင်လည်း အသံကြည်ပုံက ချောင်းတစ်ချက်ဟန့်သံ မကြားရဘူးတဲ့ ၊ ပြီးတော့ ဓာတ်ခဲက သုံးခဲပဲ ထည့်ရတဲ့ အိတ်ဆောင်လေးဆိုတော့ ကြိုက်ပြီဗျာ၊ နက်ဖြန်ခါ ခင်ဗျားနေတဲ့ ရွှေကျင်တဲတန်းလာကြည့်ပြီး ယူလှည့်မယ်လို့ ပြောလိုက်ရောဗျို့'

တကယ်တော့ တိုရှီဘာတွေ၊ နေရှင်နယ်တွေ၊ ဆိုနီတွေ အပေါ်စက် အောက်စက်တွေ ခေတ်မှာ ကျွန်တော့မိတ်ဆွေလေး ကိုတွတ်၏ နှစ်ရာ့ငါးဆယ်တန် ရေဒီယိုဝယ်ခြင်းကိစ္စမှာ ရိုးစင်း နေပေသည် ။ ရေဒီယိုပိုင်ရှင် ကိုစိုးရကလည်း ရောင်းချင်သည် ။ ကိုတွတ်ကလည်း ဝယ်ချင်သည်

။ စျေးလည်း ကြိုက်သည် ။ ဒီလိုနဲ့ ရွှေကျင်တဲတန်းက ရေဒီယိုလေးသည် နောက်နေ့မှာ ဖြင့် မြောက်ပြင် ထားဝယ်ရပ်က သပြေစာအုပ်ဆိုင်လေးထဲမှာ သီချင်းတကြော်ကြော်၊ သတင်းတစာစာ ဖြစ်နေရော့မည်။ အိပ်ရာထပျင်းသော ကိုတွတ်၊ နှင်းတွေ ဝေနေသည့် ဒီဇင်ဘာလတွင် မနက် ခြောက်နာရီကတည်းက စောင်ခြုံထဲကနေ ရေဒီယိုလေးကို ကလိပြီး သတင်းနားထောင်တော့ ကိုတွတ်ကတော် 'ခင်မေစီ'တစ်ယောက် အိပ်ရေးပျက်ပြီး စူအောင့်နေမှာ သေချာသည် ။ ဘာပဲ ပြောပြော၊ ကျုံးထိပ်တန်းက နှစ်ဖက်လှဆိုင်မှာ ဖြစ်စေ၊ စည်သာလမ်းက သိန်းအောင်ကြီးမှာ ဖြစ်စေ ကိုတွတ်တစ်ယောက် အခါတိုင်းလို သူများ ပြောမည့် သတင်းပလင်းတွေ စောင့်နားထောင်တော့မှာ လည်း မဟုတ်တော့ပြီ။ ဒီလိုနဲ့ ကိုစိုးရနဲ့ တွေ့ပြီး နောက်ရက်မှာ ရေဒီယိုလေး သွားယူပြီး သူများ တွေ မထခင်ကတည်းက ခင်မေစီနှိုးလို့ ကိုတွတ် နိုးနေပြီ။

အိတ်ထဲ ငွေနှစ်ရာ့ငါးဆယ် ထည့်ပြီး အိမ်ထွက်လာတော့ မနက် ခုနှစ်နာရီလောက်ပဲ ရှိဦးမည်။ မြင်းပြိုင်ကွင်းဘေးက ဘန်ဘူး စားပွဲရုံနားရောက်မှ နှင်းမှုန်ကြားက နေခြည်လက်တံ တချို့ မန္တလေးတောင်ပေါ် တွယ်တက်နေကြပြီ။ ဟို .... ဂေါက်ကွင်းဆီမှာ လည်း ရောင်စုံထီးတော်၊ လေးပင်အိတ်တွဲကာ ရွေ့လျားနေကြသည် ။ အိမ်ကအထွက် ချမ်းနေပေမင့် စက်ဘီးနင်းလိုက်ရလို့ ချွေးလေးစို့လာသည် ။ ဂေါက်ကွင်းအလွန် ကုန်းအတက်မှာ အဖေ့ အမွေ ရာလေးလက်ဟောင်းက ချေးမဆေး၊ ဆီမထည့်တာကြာလို့ ချွေးဥတွေ နဖူးဆီသီးကား လှမ့်ဆင်းလာသည် အထိ နင်းလိုက် ရသည် ။ ဒါပေမယ့် မြောက်စောင်းတန်း မရောက်ခင်ပဲ လမ်းကပြေသွားပြီး သက်သက်သာသာ နင်း သွားရုံပဲ ဖြစ်သည် ။

အခုနေ ကိုစိုးရကြီး စောင့်နေလောက်ပြီ။ အပြန်မှာ လွယ်အိတ်က

လေးထဲ ရေဒီယိုလေး ထည့်လာရုံပဲဖြစ်သည် ။ အိမ်ရောက်ရင် ကြံတိုင်းအောင်စတိုးမှာ ခတ်ခဲ အသစ်လေးတွေ ဝယ်ဦး မည်။ ဒီလို စိတ်ကူးလေးနှင့် ကိုတွတ် စက်ဘီးနင်းလာတာ မတ္တာရာလမ်းမဘေးက ရွှေကျင်တဲတန်း လေးတွေဆီ ရောက် လာပြီ။ ရေအိုးစင်လေးနှင့် တမာပင်လေးကျော်တော့ စက်ဘီးလေး အရှိန် သတ်ပြီး လမ်းအရှေ့ဖက်က တဲကလေး ရှေ့မှာ ရပ်လိုက်သည် ။ တဲကလေးထဲက ရေဒီယိုအသံ ကြားနေရသည် ။ ကိုစိုးရ ပြောတာ မှန်သားပဲ။ ရေဒီယိုသံလေးက ကြည်လို့ ။ ကိုတွတ် စက်ဘီး ထောက်သံ ကြားတော့ နောက်ကျောပေး ထင်းခွဲနေတဲ့ ကိုစိုးရက လှည့်ကြည့်ပြီး 'ကိုယ့်လူ ပေါ်လာ ပြီကိုး'ဆိုကာ တဲလေးထဲကို ကိုတွတ်အား ခေါ်သွားသည် ။

အဝင်ပေါက် ဝါးကြမ်းစင်လေး ခြေရင်းက တိုင်လေးမှာ ချိတ်ထားသော ရေဒီယိုလေးက သီးချင်းဆိုနေသည် ။ ကိုတွတ်က ရေဒီယိုလေးကို မြင်တော့ မိတ်ဟောင်းဆွေဟောင်း တွေ့သလို ခံစားမိသည် ။ တိုင်ကလေးက ဖြုတ်ပြီး အတိုးအကျယ်ခလုတ်ကို ကစားနေမိသည် ။ ရေဒီယိုသံလေး အပြောင်းအလဲမှာ ဝါးကြမ်းစင်၏ မှောင်မည်းမည်းထဲက လှုပ်ရှားသံ ကြားလိုက်ရပြီး စောင်ခြုံထဲက လူတစ်ဦးက 'စိုးရလား'လို့ အသံပေးလိုက်သည် ။ သည် တော့မှ တဲကလေးထဲမှာ အဖိုးအိုတစ်ယောက် ရှိနေမှန်း ကိုတွတ် သတိထားမိသည် ။ ကိုးစိုးရကဟုတ်တယ် အဖေ လို့ ပြန် အဖြေမှာ ခေါင်းမြီးခြုံထားသော စောင်ထဲက 'ရေဒီယိုက ဘာလုပ်မလို့ လဲ'ဆိုတော့ 'မနေ့က ပြောထားတဲ့ လူ လာလို့ အဖေ'ဟု ဆိုသည် ။ 'ဟင်း'ခနဲလေးပင်ပင် သက်ပြင်းချသံနှင့်အတူ အဖိုးအို သည် စောင်ခြုံမပျက် အသာလေး ပြန်လှဲအိပ်သွားသည် ။

ကိုတွတ်က ရေဒီယိုလေးကိုင်ရင် အိမ်ရှေ့ကို ထွက်လာကာ အပေါက်ဘေးက ခုံလေးမှာ ထိုင်လိုက်သည် ။ ကိုစိုးရက 'ရေဒီယိုကတော့ဗျာ

အဖေတစ်ယောက်ပဲ ကလိနေတာ၊ မနက်လင်း အိပ်ယာနိုးကတည်းက ကုလားသံ၊ တရုတ်သံဖွင့်တာ၊ ခြောက်နာခွဲတော့ သတင်း၊ ပြီးတော့ မြန်မာ့ အသံ၊ ညလည်း တစ်ညလုံး သီချင်းနားထောင်လိုက်၊ သတင်းနားထောင်လိုက်နဲ့ ၊ ဆက်တိုက် ဖွင့် တာပဲဗျို့'ဟု အပြောမှာ ကိုတွတ်က ရေဒီယိုလေးကိုင်ရင် အိတ်ထဲက ပိုက်ဆံခေါက်လေး စမ်းကာ ထုတ်ပေးဖို့ ပြင်သည် ။

ထိုစဉ် ကိုစိုးရ ဆက်ပြောလိုက်သော စကားတစ်ခွန်းက ကိုတွတ်ရင်ကို လှုပ်ခါရမ်းသွား စေတာ ကိုစိုးရတော့ ရိပ်မိဟန်မတူ။ သည် တော့လည်း ကိုတွတ်က လက်ထဲကိုင်ထားသော ရေဒီယိုလေးကို ကိုစိုးရလက်ထဲ အလန့်တကြား ပြန်ထည့်လိုက်ပြီး ထိုင်ရာမှ ထသည် ။

'ဘယ်လိုလဲ ကိုယ့်လူရဲ့ ကြိုက်ကဲ့မဟုတ်လား'ဟူသော ကိုစိုးရ၏ အမေးကိုပင် ကတိုက်ကရိုက်နှင့် 'ကျွန်တော်က စားပွဲတင် ရေဒီယိုလေးမျိုး ပိုကြိုက်တယ်'ဟု ပြောရင်း စက်ဘီး နင်းထွက်လာတော့သည် ။ ရေဒီယိုလေးကိုကိုင်ရင် ကိုစိုးရ ကျန်ခဲ့သည် ။

ကိုတွတ်မှာ တော့ စက်ဘီးစီးရင် ကိုစိုးရ၏ စကားလေးတစ်ခွန်းက ရင်မှာ ပဲ့တင်ထပ် ဗလောင်ဆူနေဆဲ ဖြစ်သည် ။ ဘာတဲ့ ...။

'အဖေလည်း မျက်စိနှစ်လုံး ကွယ်ကတည်းက ရေဒီယိုလေးပဲ အဖော်လုပ်နေရတာ ...'

'အဖေလည်း မျက်စိနှစ်လုံး ကွယ်ကတည်းက ....'

'အဖေလည်း ...'

*****

သည် နေ့မနက် လက်ဖက်ရည်ဆိုင်ထိုင်ပြီး အပြန်မှာ ပါလာတဲ့ ဝေဒ

နာလေးက ကျွန်တော့် ငယ်ချစ်ဦး 'ဇေယျာကမ်းအလှပန်းချီ'နှင့် မပတ်သက်တော့တာ သေချာပါသည် ။

မန္တလေး ရသစာပေ (၂)၊ ၁၉၉၄ ခုနှစ် မတ်လ။